
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
တစ်ဘဝစံ

# အောင်မြတ်သာနှင့်တစ်ဘဝစံ

နေကထန်းတစ်ဖျား ကျော် လာပြီ ဖြစ်တဲ့ အတွက် အပူချိန်က တဖြည်းဖြည်း မြင့်တက် လာခဲ့ပေမယ့် သလင်းထဲမှာ ပဲခွေနေတဲ့ ကိုလွန်းမောင်ကတော့ ပူလို့ ပူမှန်းမသိ အလုပ်ကိုသာ သဲကြီးမဲကြီး လုပ်နေခဲ့တယ်။

မလှမ်းမကမ်း လယ်စောင့် တဲလေးထဲမှာ တော့ ကလေးငယ်သုံးဦးက ကောက်ရိုးနဲ့ လုပ်ထားတဲ့ အရုပ်တွေကိုယ်စီနဲ့ ဆော့ကစားနေကြတယ်။

မိုးရိပ်မိုးခြေက သိပ်မကောင်းတာမို့ ညနေမစောင်းခင် ပဲတွေအပြီးခွေဖို့ ကြိုးစားနေတဲ့ အချိန် ပြာလဲ့နေတဲ့ ကောင်းကင်ပေါ်ကနေ လင်းတအုပ်ကြီး ပျံလာတာကို အမှတ်မထင် မြင်လိုက်ရတယ်။

တစ်ခါမှ မတွေ့ဖူးတဲ့ အခြေအနေမို့ ကိုလွန်းမောင် တစ်ခဏငြိမ်သက်ကာ မော့ကြည့်နေရင်းမှ သတိဝင် လာပြီး

" ဖိုးညှက်တို့ သာပျော့တို့ ဟိုးမှာ လင်းတတွေ အများကြီး ပျံလာတာ တွေ့လား"

ကိုလွန်းမောင် အော်သံကြောင့် တစ်ဖက်လယ်ထဲမှာ ပဲခွေနေတဲ့ သားအဖနှစ်ယောက် အပေါ်ကို မော့ကြည့်လိုက်တယ်။

" အေး တွေ့တယ် လွန်းမောင်ရ ဒီလောက်များ တဲ့ လင်းတတွေ

တစ်ခါမှ မမြင်ဖူးဖူး ဒီနယ်ထဲမှာ ဘာတွေဖြစ်လာဦးမလဲ မသိဘူး လယ်စောစော သိမ်းကြဟေ့"

အဲဒီနေ့က ကိုလွန်းမောင်တို့ ညနေမစောင်းခင် အလုပ်ကို သိမ်းခဲ့ကြတယ်။ ညဦးပိုင်း ရောက်တော့ ရွာသားတွေ အပျင်းပြေ စကားပြောပြရန် ဆောက်ထားတဲ့ ရွာလယ်ဇရပ်ကို ကိုလွန်းမောင် ထွက်လာခဲ့လိုက်တယ်။

ရွာလယ်ဇရပ်ကို ရောက်တော့ ကြိုရောက်နှင့်နေတဲ့ ဖိုးညှက်ကို အဝေးကနေ လှမ်းတွေ့ လိုက်ရတယ်။ ဖိုးညှက်က ကိုလွန်းမောင်ကို မြင်တော့

" ဟေ့ ငလွန်း လာကွာ ထန်းလျက်ခဲစား ရေနွေးလေးသောက်ပါဦး"

ကိုလွန်းမောင်လဲ ဖိုးညှက် ဘေးဝင်ထိုင်လိုက်ပြီး ရေနွေးတစ်ခွက်ကို ငှဲ့ကာ မှုတ်သောက် လိုက်တယ်။

" ဟာ ရေနွေးကြမ်းက ကောင်းလှပါလား"

" ကောင်းဆို ဒီလက်ဖက်ခြောက်က ရှမ်းပြည်ဘက်ကနေ ဝယ်လာတာလေ ကိုစိန်မြင့်ကို မင်းသိတယ်မလား သူ့သားခရီးက ပြန်လာလို့ လက်ဆောင် လာပေးထားတာ လက်ဖက် အနံ့လေးကတော့ မွှေးနေတာပဲ ဟေ့"

ဖိုးညှက်က ပြောရင်းဆိုရင်း အငွေ့တထောင်းထောင်း ထနေတဲ့ ရေနွေးကြမ်းခွက်ကို ပါးစပ်နဲ့ တော့ပြီး တစ်ချက် စုပ်လိုက်တယ်။

" ဖိုးညှက် နေ့လည်က လင်းတတွေ ကိစ္စကို မင်းဘယ်လိုထင်လဲ"

ကိုလွန်းမောင် စကားကြောင့် ဘေးနားမှာ ထိုင်နေတဲ့ ကာလသားတွေက

" လင်းတတွေ ပျံလာတာ တကယ်ကြီးလား ကိုလွှန်း"

" တကယ်ပေ့ါဟ မယုံရင် ဖိုးညက်နဲ့ သာပျော့ကို မေးကြည့်"

ကိုလွှန်းမောင် စကားကြောင့် ရေနွေးကြမ်းခွက်ကို ကိုင်ထားတဲ့ ဖိုးညပ်က

" ဟုတ်တယ် ငါ့သက်တမ်းတစ်လျှောက် ဒီလောက်များ တဲ့ လင်းတ အုပ်ကြီးကို မမြင်ဖူးဖူး ဘယ်လောက်များ လဲ ဆိုရင် ငလွှန်းရဲ့ တလင်းပြင်တစ်ခုလုံး လင်းတတွေရဲ့ အရိပ်ကြောင့် နေမထိုးတော့ဘူး "

" ဟားဟား ကိုဖိုးညက်ကတော့ နောက်ပြီ "

ကာလသားတွေ ဖိုးညက်စကားကြောင့် ပွဲကျသွားတဲ့ အချိန်

" ဟေ့ကောင် ဖိုးညက် ဒီကိစ္စ နောက်စရာ မဟုတ်ဘူး ဒီဘက်မှာ အရင်က လင်းတဆိုတာ မြင်တောင် မြင်ဖူးခဲ့တာ မဟုတ်ဘူး အခုမှ အုပ်လိုက်ကြီး ပြောင်းလာတာဆိုတော့ တစ်ခုခု ထူးဆန်းနေလို့ ပြောနေတာ "

လွှန်းမောင်ရဲ့ မာကျောတဲ့ စကားသံကြောင့် ဖိုးညက် မျက်နှာကြော သတ်လိုက်ပြီး

" ငါကစတာပါကွာ မင်းထင်သလို ငါလည်း ထင်ပါတယ် ရှေးလူကြီး တွေ ပြောဖူးတာတော့ လင်းတတွေ ရွာထဲလာနားရင် လူအသေ အပျောက် ဖြစ်တတ်တယ်တဲ့ နေ့လယ်ကတွေ့တဲ့ လင်းတတွေက ရွာအ နောက်တောဘက်ကို ပျံသွားတယ်ဆိုတော့ အဲဒီဘက်ကို မလိုအပ်ပဲ မ သွားတာကောင်းမယ်"

"ဘာပဲဖြစ်ဖြစ် သတိဆိုတာ ပိုတယ်မရှိပါဘူး ကာလသားတွေလဲ ည ကင်းကို သေချာ စောင့်ကြဦး ဟိုကောင် ကြက်ရိုး ကင်းမစောင့်ပဲ မအိပ်

နေနဲ့ "

လွန်းမောင် စကားကြောင့် ပိန်ပိန်ညှက်ညှက်နဲ့ လူငယ်က

" မအိပ်ပါဘူး ကိုလွန်းရာ ကြက်ရိုးပါဗျ ချွတ်ခနဲဆို နိုးပြီးသားပဲ "

" အခုထဲက အိပ်မယ်ဆိုတာပြီး စကားသမ်းနေတာ ကိုလွန်းရေ ဒီကောင်ကို မယုံရဘူးနော် ဟားဟား"

အရွှန်းဖောက်တဲ့ ကာလသားတွေရဲ့ စကားကြောင့် ဇရပ်တစ်ခုလုံး ရယ်မောသံတွေ ဆူညံသွားကြတယ်။

***

လပြည့်ညဖြစ်တဲ့ အတွက် ငွေရောင်သန်းတဲ့ အလင်းရောင်တွေက ရွှေတဆုပ်ရွာလေးရဲ့ အပေါ်ကို ဖြန့်ကြက်ကျနေခဲ့တယ်။

တစ်ရွာလုံး အပ်ကျသံ မကြားအောင် တိတ်ဆိတ်ငြိမ်သက်နေတဲ့ အချိန် ရွာထိပ်က လင့်စင်ပေါ်မှာ ထိုင်နေတဲ့ လူရိပ်တစ်ခုက ရုတ်တရက် ထလိုက်ပြီး

" ကြက်ရိုး ထစမ်း ဟော့ကောင် မြန်မြန်ထ"

အသံအုပ်ကာ နှိုးလိုက်တဲ့ သာပျော့ အသံကြောင့် လင့်စင်ထဲမှာ အိပ်ပျော်နေတဲ့ ကြက်ရိုး အိပ်ချင်မူးတူး ထလာခဲ့တယ်။

" ဟော့ကောင် အချိန်ပြည့်ပြီလား ဝါး"

" မင်းသမ်းတဲ့ အသံမထွက်စေနဲ့ ခုနက လူရိပ်တစ်ခု ရွာခြံစည်းရိုးနားမှာ တွေ့လိုက်တယ်"

လူရိပ်ဆိုတဲ့ စကားကြောင့် ကြက်ရိုးမျက်လုံးကို ပြူးပြဲကြည့်လိုက်ပြီး ဘေးမှာ ချထားတဲ့ ဒူးလေးကို ကိုင်လိုက်တယ်။

" သာပျော့ လူရိပ်က ဘယ်နားမှာ လဲ"

" ငါလည်း ရုတ်တရက် တွေ့လိုက်တာ မိန်းကလေးလိုလို ဘာလိုလိုနဲ့ "

" သာပျော့ သရဲခြောက်တာများ လား "

" အသာနေစမ်းပါဟာ သရဲမဟုတ်လောက်ဘူး ငါသေချာမြင်ခဲ့ရတာ အောက်ဆင်းပြီး သွားကြည့်ရအောင် "

" ဖြစ်ပါ့မလား"

" အရေးထဲ လာကြောက်နေသေးတယ် ဘာမှ မဖြစ်ဘူး လာခဲ့"

သာပျော့က ငှက်ကြီးတောင်ဓားကိုကိုင်ပြီး လင့်စင်ပေါ်က ဆင်းသွားတဲ့ အချိန် ရွာအနောက်ဘက် တောထဲကနေ အကောင်မည်းမည်းတွေ ပျံလာတာကို လရောင်နဲ့ သေချာ မြင်လိုက်ရတယ်။

" သာပျော့ ဟိုမှာ ဟိုမှာ ပျံလာနေတာ ဘာကောင်တွေလဲ "

ကြက်ရိုးအော်သံကြောင့် အပေါ်ကို မော့ကြည့်လိုက်တဲ့ အချိန် မျက်နှာတည့်တည့်ကို အရှိန်နဲ့ ဝင်လာတဲ့ အရာတစ်ခုကြောင့် သာပျော့ သတိလစ်သွားခဲ့တယ်။

***